လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

နှင့်

NEW GENERAL CO., LTD

တို့အကြား

ရွှေဝါဆပ်ပြာစက်ရုံ (ရန်ကုန်)

အတွက်

# သဘာဝဓာတ်ငွေ့ရောင်းချမှုစာချုပ်

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ လ ရက်

မာတိကာ


| အပိုဒ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အဓိပ္ပာယ်သတ်မှတ်ချက်များ | ၄ |
| ၂။ | ရောင်းချခြင်း၊ဝယ်ယူခြင်းနှင့်ဆက်စပ်သောကိစ္စရပ်များ | ၅ |
| ၃။ | ပို့လွှတ်မည့်ဖိအား | ၅ |
| ၄။ | ပမာဏများ | ၆ |
| ၅။ | သတင်းအချက်အလက်ဖလှယ်ခြင်း | ၈ |
| ၆။ | စာချုပ်ဓာတ်ငွေ့ဈေးနှုန်း | ၈ |
| ၇။ | ကျသင့်ငွေတောင်းခံခြင်းနှင့်ငွေပေးချေခြင်း | ၈ |
| ၈။ | တိုင်းတာခြင်းများ | ၉ |
| ၉။ | ပေးပို့သည့်နေရာ၊ပိုင်ဆိုင်မှုနှင့် စွန့်စားမှု | ၉ |
| ၁၀။ | ပျက်ကွက်မှု | ၁၀ |
| ၁၁။ | မလွန်ဆန်နိုင်သောဖြစ်ရပ် | ၁၀ |
| ၁၂။ | စာချုပ်သက်တမ်း | ၁၁ |
| ၁၃။ | ရပ်စဲခြင်း | ၁၁ |
| ၁၄။ | လွှဲပြောင်းခြင်း | ၁၁ |
| ၁၅။ | အငြင်းပွားမှုကိုဖြေရှင်းခြင်းနှင့် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း | ၁၁ |
| ၁၆။ | ဆက်ခံသူများနှင့်တာဝန်များ | ၁၂ |
| ၁၇။ | အကြောင်းကြားစာများ | ၁၂ |
| ၁၈။ | စွန့်လွှတ်ခြင်း | ၁၃ |
| ၁၉။ | ပူးတွဲများ | ၁၃ |
| ၂၀။ | ပြီးပြည့်စုံသည့် သဘောတူညီချက် | ၁၃ |
| ၂၁။ | စာချုပ်ကိုပြင်ဆင်ခြင်း | ၁၃ |
| ၂၂။ | အထွေထွေ | ၁၄ |

<u>ပူးတွဲ</u>
ပထမဇယား လစဉ်ဖော်ပြချက်များ
ဒုတိယဇယား လစဉ်ငွေတောင်းခံလွှာ(ပုဂ္ဂလိက)
တတိယဇယား သဘာဝဓာတ်ငွေ့၏ဒြပ်ဖွဲ့စည်းမှု(COMPOSITION)

ဤစာချုပ်ကို ၂၀၁၉ ခုနှစ်၊ လ ရက်တွင် ပြည်ထောင်စုသမ္မမြန်မာနိုင်ငံတော်၊ နေပြည်တော်၌ တစ်ဖက်တွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး (ဤမှနောက်တွင် "ရောင်းချသူ"ဟု ရည်ညွှန်းမည်။ ယင်းစကားရပ်တွင် ဆက်ခံသူများနှင့် လွှဲပြောင်းခံရသူများပါဝင်သည်။)က ဤစာချုပ် အလို့ငှာတရားဝင် ကိုယ်စား လှယ်အဖြစ်ဆောင်ရွက်ပြီး နေပြည်တော်၊ ရုံးအမှတ်(၄၄)တွင်ရှိသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဥပဒေများအရ ဖွဲ့စည်းတည်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (အမ်အိုဂျီအီး)နှင့်

အခြားတစ်ဖက်တွင် အထွေထွေမန်နေဂျာ၊ ဦးမြင့်အေး (ဤမှ နောက်တွင် "ဝယ်ယူသူ"ဟု ရည်ညွှန်းမည်။ ယင်းစကားရပ်တွင် ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် လွှဲပြောင်းခံရသူများပါဝင်သည်) က ဤစာချုပ်အလို့ငှာ တရားဝင်ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပြီး ၁၅ ရပ်ကွက်၊ ဘုရင်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးချုပ်တည်ရှိ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဥပဒေများအရ ဖွဲ့စည်းတည်ရှိသော လုပ်ငန်းတစ်ခုဖြစ်သည့် New General Co., Ltd တို့အကြား ချုပ်ဆိုသည်။

စင်စစ်အားဖြင့်-

(၁) ရောင်းချသူသည် ရတနာစီမံကိန်းနှင့် ဇော်တိကစီမံကိန်းတို့မှ သဘာဝဓာတ်ငွေ့များကို ပြည်တွင်း သုံးအတွက် စာချုပ်များချုပ်ဆို၍ ဝယ်ယူရရှိထားသည်။ ကုန်းတွင်းသဘာဝဓာတ်ငွေ့များကိုလည်း ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိသည်။

(၂) ရောင်းချသူထံမှ ဝယ်ယူရန်ဆန္ဒရှိသော ဝယ်ယူသူက အောက်တွင်သတ်မှတ်ထားသည့် သဘာဝ ဓာတ်ငွေ့ ပမာဏနှင့် ရောင်းချသူက ဝယ်ယူသူထံသို့ အလားတူရရှိစေရန်ဆန္ဒရှိသည်။

(၃) ဝယ်ယူသူသည် ဝယ်ယူသည့်သဘာဝဓာတ်ငွေ့အား New General Co., Ltd ပိုင် ရွှေဝါဆပ်ပြာစက်ရုံ (ရန်ကုန်)တွင် အသုံးပြုရန်အတွက် တစ်ရက်လျှင် ၀.၂၀၀ ကုဗပေသန်း သဘာဝဓာတ်ငွေ့ကို ဝယ်ယူခြင်း ဖြစ်ပါသည်။

(၄) ဤသဘောတူစာချုပ်ကို ရောင်းချသူနှင့် ဝယ်ယူသူအကြား ချုပ်ဆိုကြသည်။

ယခုအခါ ဤစာချုပ်အစတွင်ပါဝင်သည့် ကျိုးကြောင်းဖော်ပြချက်များ၊ အပြန်အလှန်သဘောတူညီချက်များနှင့် စည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်း သဘောတူစာချုပ်ချုပ်ဆိုကြသည်-

<u>အပိုဒ်-၁ အဓိပ္ပာယ်သတ်မှတ်ချက်များ</u>

အထက်ဖော်ပြပါ စာချုပ်အစ၌ ကျိုးကြောင်းဖော်ပြချက်များအပါအဝင် ဤစာချုပ်တွင်ဖော်ပြသော စကားလုံး များနှင့် ဖော်ပြချက်များသည် အခြားနည်းဖြင့်ဖွင့်ဆိုညွှန်ပြထားခြင်းမရှိလျှင် ဤစာချုပ်တွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်ရှိစေရမည်။

၁.၁ <u>စာချုပ်အရနှစ်စဉ်ပို့လွှတ်ရောင်းချသောပမာဏ သို့မဟုတ် 'အေစီကြူ'</u> ဆိုသည်မှာ စာချုပ်နှစ်တစ်နှစ်အတွင်း နေ့စဉ်အကျုံးဝင်သော ဒီစီကြူအက်စ် ပမာဏပေါင်းနှင့်ညီမျှသော သဘာဝဓာတ်ငွေ့ရောင်းချခြင်းပမာဏကို ဆိုသည်။

၁.၂ <u>'ဘီတီယူ'</u> ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် one (1) British Therminal Unit ဆိုသည်မှာ တစ်စတုရန်း လက်မ လျှင် (၁၄.၇၃) ပေါင်စံဖိအားရှိ ရေတစ်ပေါင်အား အပူချိန် (၅၈.၅) ဒီကရီဖာရင်ဟိုက်မှ (၅၉.၅) ဒီကရီ ဖာရင်ဟိုက်အထိ အပူချိန်မြှင့်ရန်လိုအပ်သော အပူပမာဏကိုဆိုသည်။

၁.၃ <u>ဝယ်ယူသူများ၏တပ်ဆင်ပစ္စည်း</u> ဆိုသည်မှာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဓာတ်ငွေ့ထွက်ပေါက်မှ စက်ရုံအသုံးပြုသည့်နေရာအထိ ဝယ်ယူသူများ၏ကုန်ကျစရိတ်ဖြင့် တပ်ဆင်ရမည့် ပစ္စည်းများကိုဆိုလိုသည်။ ၎င်းတွင် ဝယ်ယူသူများ၏ စက်ရုံဝင်ပေါက်တွင် ရောင်းချသော ဓာတ်ငွေ့အား လက်ခံရရှိရန်လိုအပ်သော (ဓာတ်ငွေ့သန့်စင်ခြင်းစနစ်၊ ဖိအားလျော့ချမှုစနစ်၊ တိုင်းတာခြင်းစနစ်စသည့်) ဓာတ်ငွေ့လက်ခံရယူ သည့် ဝယ်ယူသူများမှ တပ်ဆင်ရန်လိုအပ်သော ပစ္စည်းများကိုဆိုသည်။

၁.၄ <u>စာချုပ်နှစ်</u> ဆိုသည်မှာ-

စာချုပ်အရ သဘာဝဓာတ်ငွေ့ပေးပို့သည့်နေ့ ၁.၁၀.၂၀၁၉ ရက် နံနက် ၆:၀၀ နာရီမှ ယင်းနှစ်နောက်ပိုင်း ကျရောက်မည့် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ သို့မဟုတ် စာချုပ်ရပ်စဲသည့်နေ့၏ ၂၄ နာရီ အထိကာလ။

၁.၅ <u>နေ့စဉ်စာချုပ်အရ သတ်မှတ်သည့်ပမာဏ သို့မဟုတ် 'ဒီစီကြူ'</u> ဆိုသည်မှာ နေ့စဉ်ရောင်းချသော အောက်ဖော်ပြပါ ဓာတ်ငွေ့ပမာဏကို ဆိုသည်-
၁.၁၀.၂၀၁၉ ရက်နေ့နှင့် ယင်းရက်နေ့မှ စတင်၍ စာချုပ်သက်တမ်းတစ်လျောက်လုံးအတွက် ၀.၂၀၀ ကုဗပေသန်း (အမ်အမ်အက်စ်စီအက်ဖ်) ပမာဏရှိရမည်။

၁.၆ <u>အကျိုးသက်ရောက်သည့်နေ့</u> ဆိုသည်မှာ ဤစာချုပ်သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၁.၇ **လ သို့မဟုတ် လစဉ်** ဆိုသည်မှာ ပြက္ခဒိန်လတစ်လ၏ ပထမဆုံးနေ့မှ နောက်ဆုံးနေ့ကုန် ကာလအထိဖြစ်ပြီး၊ ခြွင်းချက်အနေဖြင့် ပထမလအတွက် ဓာတ်ငွေ့စတင်ပို့လွှတ်သည့်နေ့ရက်မှ ယင်းပြက္ခဒိန်လ၏ နောက်ဆုံးနေ့ ကုန်ဖြစ်ပြီး နောက်ဆုံးလအတွက် နောက်ဆုံးပြက္ခဒိန်လ၏ ပထမဆုံးနေ့မှ ဤစာချုပ်ပြီးဆုံးသည့် သို့မဟုတ် ရပ်စဲသည့်နေ့အထိ ကာလကိုဆိုသည်။

၁.၈ **သဘာဝဓာတ်ငွေ့** ဆိုသည်မှာ ရေနံ သို့မဟုတ် ဓာတ်ငွေ့တွင်းမှထွက်ရှိသည့် အစိုသို့မဟုတ် အခြောက်ဖြစ်သော ဟိုက်ဒရိုကာဗွန်ငွေ့ရည်အမျိုးအစားအားလုံးကိုဆိုလိုပြီး ယင်းတွင် ဟိုက်ဒရိုကာဗွန်အရည်ကိုထုတ်ယူပြီး နောက် ကျန်ရှိနေသော ဓာတ်ငွေ့အကြွင်းအကျန် သို့မဟုတ် ဘေးထွက်ထုတ်ကုန် များလည်းပါဝင်သည်။

၁.၉ **အခြားဝယ်ယူသူများ** ဆိုသည်မှာ ဤစာချုပ်အရ ဝယ်ယူသူများမှအပ ရောင်းချသူနှင့် သဘာဝဓာတ်ငွေ့ရောင်းချခြင်း စာချုပ်ချုပ်ဆိုသော ဝယ်ယူသူ သို့မဟုတ် ဝယ်ယူသူများကိုဆိုသည်။

၁.၁၀ **စာချုပ်ဝင်** ဆိုသည်မှာ ဤစာချုပ်၏ စာချုပ်ဝင် တစ်ဦးဦးကိုဆိုသည်။ စာချုပ်ဝင်များကို လိုက်လျောညီထွေစွာ အဓိပ္ပါယ်ကောက်ယူရမည်။

၁.၁၁ **သုံးလပတ်ကာလ** ဆိုသည်မှာ ဇန်နဝါရီလ၏ ပထမဆုံးနေ့၊ ဧပြီလ၏ ပထမဆုံးနေ့၊ ဇူလိုင်လ၏ ပထမဆုံးနေ့နှင့် အောက်တိုဘာလ၏ ပထမဆုံးနေ့တို့မှ စတင်သော(၃)လတာ ကာလကိုဆိုသည်။ သုံးလ တစ်ကြိမ်ကို လိုက်လျောညီထွေစွာ အဓိပ္ပာယ်ကောက်ယူရမည်။

၁.၁၂ **ရောင်းချသည့်ဓာတ်ငွေ့** ဆိုသည်မှာ ဤစာချုပ်အရ ရောင်းချသူက ဝယ်ယူသူများထံသို့ ပို့လွှတ်သည့် ရတနာ သို့မဟုတ် ဇောတိက သို့မဟုတ် ကုန်းတွင်း သဘာဝဓာတ်ငွေ့ကို ဆိုသည်။

၁.၁၃ **ရောင်းချသူ** ဆိုသည်မှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကိုဆိုသည်။

၁.၁၄ **ရောင်းချသူ၏တပ်ဆင်ပစ္စည်း** ဆိုသည်မှာ ဤသဘောတူညီချက်အရ ဝယ်ယူသူများထံသို့ ရောင်းချသော ဓာတ်ငွေ့များသယ်ဆောင်ခြင်း သို့မဟုတ် ပေးပို့ခြင်းအတွက် ဓာတ်ငွေ့သန့်စင်ခြင်းစနစ်၊ ဖိအားလျော့ချခြင်း စနစ်၊ တိုင်းတာခြင်းစနစ် စသည်နှင့် ဓာတ်ငွေ့ဖိအားမြှင့်တင်စခန်းများ အပါအဝင် ဓာတ်ငွေ့ထိန်းချုပ်သည့် စခန်းတစ်ခုခုမှ စာချုပ်အရ ဓာတ်ငွေ့ပို့လွှတ်သည့် ဓာတ်ငွေ့ထွက်ပေါက်အထိကို ဆိုသည်။

၁.၁၅ **စံသတ်မှတ်ချက်များ** ဆိုသည်မှာ အပြည့်အဝဖိအား ၁ စတုရန်းလက်မလျှင် ၁၄.၆၉၆ ပေါင်နှင့် အပူချိန် ၆၀ ဒီဂရီဖာရင်ဟိုက်ကို ဆိုလိုသည်။

၁.၁၆ **စံကုဗပေ သို့မဟုတ် 'အက်စ်စီအက်ဖ်'** ကို ဓာတ်ငွေ့ရောင်းချမှုတွင်အသုံးပြုခြင်းဆိုသည်မှာ ၁ ကုဗပေ စံသတ်မှတ်ချက်များရှိသည့် ရောင်းချသော ဓာတ်ငွေ့ပမာဏကို ဆိုသည်။

၁.၁၇ **နှစ်** ဆိုသည်မှာ ဆက်တိုက် ၃၆၅ ရက်ကာလ သို့မဟုတ် ရက်ထပ်နှစ်တွင် ဆက်တိုက် ၃၆၆ ရက်ကာလကို ဆိုသည်။

၁.၁၈ **ဓာတ်ငွေ့ထွက်ပေါက်** ဆိုသည်မှာ ရောင်းချသူ၏ ပင်မပိုက်လိုင်းမှ ဝယ်ယူသူများ၏ ပိုက်လိုင်းသို့ ရောင်းချသည့် ဓာတ်ငွေ့ကို စတင်ပို့လွှတ်သည့် နေရာကို ဆိုသည်။

## အပိုဒ်-၂ ရောင်းချခြင်း၊ ဝယ်ယူခြင်းနှင့် ဆက်စပ်သောကိစ္စရပ်များ

၂.၁ ဤစာချုပ်ပါ ပြဌာန်းချက်များကိုလိုက်နာပြီး ဤစာချုပ်ပါ အခြားပြဌာန်းချက်များအရ ကင်းလွတ်ခွင့်ပြုထားခြင်းမရှိလျှင် ရောင်းချသူသည် စတင်ပေးပို့သည့်နေရာတွင် ဓာတ်ငွေ့ပို့လွှတ်ခြင်း ပြုလုပ်ရမည်ဖြစ်ပြီး ဝယ်ယူသူများကလည်း ဤမှနောက်တွင် ဖော်ပြထားသော ဤစာချုပ်ပါစည်းကမ်းချက်များနှင့် နည်းလမ်းများအတိုင်း ဓာတ်ငွေ့ကို လက်ခံရမည်။

၂.၂ ဝယ်ယူသူများသည် ရောင်းချသူက ပေးပို့ရောင်းချသည့် ဓာတ်ငွေ့ပမာဏ၏တန်ဖိုးကို အမေရိကန်ဒေါ်လာ သို့မဟုတ် ရောင်းချသူမှ အခါအားလျော်စွာသတ်မှတ်သည့် ငွေကြေးစနစ်ဖြင့်ပေးချေရမည်။ ပေးသွင်းရမည့် သဘာဝဓာတ်ငွေ့ဖိုးအား နိုင်ငံခြားငွေဖြင့်တွက်ချက်ပြီး မြန်မာကျပ်ငွေဖြင့် ပေးချေပါက ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ထုတ်ပြန်ပေးသော ၆လ ငွေလဲလှယ်နှုန်း (6 months Rate) ဖြင့် တွက်ချက်ပေးချေရမည်။

## အပိုဒ်-၃ ပို့လွှတ်မည့်ဖိအား

ဤစာချုပ်အရ ရောင်းချသည့်ဓာတ်ငွေ့၏ဖိအားမှာ အမြင့်ဆုံး ၁၀၀ ပီအက်စ်အိုင်(100 PSI) အထိ ရှိရမည်။

## အပိုဒ်-၄ ပမာဏများ

၄.၁ **ဝယ်ယူသူများ၏တပ်ဆင်ပစ္စည်းများ**

ဤစာချုပ်အရ ဝယ်ယူသူများကယင်း၏တာဝန်များကို ဆောင်ရွက်နိုင်ရန် ဝယ်ယူသူများသည် စာချုပ်အကျိုး သက်ရောက်သည့်နေ့ပြီးနောက် ဝယ်ယူသူများ၏ကိုယ်ပိုင်အသုံးစရိတ်ဖြင့် ဓာတ်ငွေ့စတင်ပို့လွှတ်သည့် နေ့မတိုင်မီ ဝယ်ယူသူများ၏ တပ်ဆင်ပစ္စည်းများ ပြီးပြည့်စုံရန် ဒီဇိုင်းဆွဲခြင်း၊ တည်ဆောက်ခြင်းနှင့် တပ်ဆင်ခြင်းတို့ကို သေချာအောင် ပြုလုပ်ရမည်။

၄.၂ **နေ့စဉ်ပို့လွှတ်ခြင်းများ**

စာချုပ်ကာလတစ်လျှောက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်သည့်ကာလအတွင်းမှအပ ရောင်းချသူသည် ဝယ်ယူသူများက အဆိုပြုပေးပို့ထားသော ဓာတ်ငွေ့ပမာဏကို နေ့စဉ်ဒီစီကြုပမာဏ အထိ ဝယ်ယူသူများထံသို့ လွှဲပြောင်းပေးပို့နိုင်သည်။ စာချုပ်ဝင်တစ်ဦးဦးက ဒီစီကြုပမာဏကို ပြောင်းလဲသတ်မှတ်လိုပါက အခြားစာချုပ်ဝင်ထံစာဖြင့် ၂ လ ကြိုတင်အကြောင်းကြားညှိနှိုင်းဆောင်ရွက်ပြီး နှစ်ဘက်သဘောတူပါက ဒီစီကြုပမာဏကို ပြင်ဆင်သတ်မှတ်နိုင်သည်။

## ၄.၃ ကြိုတင်ခန့်မှန်းခြင်းများနှင့်အဆိုပြုခြင်းများ

ဝယ်ယူသူများသည် လာမည့်ရက်သတ္တတစ်ပတ်၏ နေ့စဉ်လိုအပ်သော ပို့လွှတ်သည့် ဓာတ်ငွေ့ပမာဏကိုသတ်မှတ်ရန် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီထက် နောက်မကျစေဘဲ ရောင်းချသူထံသို့ အကြောင်းကြားရမည်။ အကယ်၍ ဝယ်ယူသူများက ဤစာပိုဒ်နှင့်အညီ အဆိုပြုသည့် ပမာဏ တစ်ခုကိုပြုလုပ်ရန် ပျက်ကွက်လျှင် ဝယ်ယူသူများသည် အတည်ဖြစ်လျှက်ရှိသော ဒီစီကြူကိုသာ အဆိုပြုကြောင်းနှင့် ထိုအရေအတွက်ကိုသာ ဝယ်ယူသူများ၏ အဆိုပြုဒီစီကြူ အဖြစ်မှတ်ယူခြင်းခံရမည်။ မည်သည့်နေ့ရက်တွင်မဆို ဝယ်ယူသူများ၏ ဒီစီကြူ သည် အတည်ဖြစ်လျှက်ရှိသော ဒီစီကြူ၏ ၅၀% ထက် မနည်းစေရ။ ဝယ်ယူသူများသည် မည်သည့် နေ့ရက်အတွင်း သို့မဟုတ် မည်သည့်အချိန်တွင်မဆို အကြောင်းကြားထားသည့် နေ့စဉ်ပို့လွှတ်မည့်ပမာဏအား ဤစာချုပ်၏အပိုဒ် ၄.၄ တွင်သတ်မှတ်ချက် ပြုထားသည့် နေ့စဉ်ပို့လွှတ်မှုပမာဏနှင့်ဤ အပိုဒ် ၄.၅ တွင်ဖော်ပြ ထားသော ဒီစီကြူ ပြည့်မီအောင် ပြောင်းလဲပို့လွှတ်ရန် တောင်းဆိုနိုင်သည်။ နေ့စဉ်ပို့လွှတ်မှုပမာဏပြောင်းလဲ သတ်မှတ်ရန်အကြောင်း ကြားမှုနှင့် ကိုက်ညီမှုရှိရန် ရောင်းချသူသည် ကျိုးကြောင်းဆီလျော်သည့် ကြိုးပမ်းအားထုတ်မှုပြုရမည်။

## ၄.၄ ပြုပြင်ထိန်းသိမ်းမှုကာလ

ရောင်းချသူနှင့် ဝယ်ယူသူများသည် တစ်ဦးနှင့်တစ်ဦး အကြောင်းကြားခြင်းဖြင့် ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ရန် ကန့်သတ်ကာလများအတွက် (ပြုပြင်ထိန်းသိမ်းသည့်ကာလအသီးသီး)အတွက် ဒီစီကြူအား အောက်ပါစည်းကမ်းချက်များကို လိုက်နာ၍ ပြုပြင်ထိန်းသိမ်းသည့် ကာလမတိုင်မီ အတည်ဖြစ်လျက် ရှိသော ဒီစီကြူထက်လျှော့ချခွင့် ရှိသည်-

(၁) ဤခံစားပိုင်ခွင့်သည် ကြိုတင်ကာကွယ်သည့်ပြုပြင်ထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ တစ်ခု တည်းသော ခံစားပိုင်ခွင့် ဖြစ်သည်။

(၂) အကြိမ်ရေသည် ရောင်းချသူနှင့် ဝယ်ယူသူများအတွက်စာချုပ်နှစ်တစ်ခုစုတွင် လုပ်ငန်း လိုအပ်ချက် အရ အမှန်တကယ်ပြုပြင်ထိန်းသိမ်းရန်အတွက်ညှိနှိုင်း၍ တောင်းဆိုနိုင်သည်။

(၃) အကြောင်းကြားသည့်ကာလသည် (၃) လ သို့မဟုတ် ဖြစ်ရပ်တစ်ခုစီအပေါ် ရောင်းချသူနှင့် ဝယ်ယူသူများအကြား သဘောတူထားသည့် ယင်းထက်နည်းသောကာလ ဖြစ်ရမည်။

(၄) အကြောင်းကြားချက်တစ်ခုစီသည် ပြုပြင်ထိန်းသိမ်းမှုအဆိုပြုကာလနှင့် ပြုပြင် ထိန်းသိမ်းမှုကာလအတွက် ဒီစီကြူသတ်မှတ်ချက် ဖော်ပြရမည်။ အဆိုပြု ဒီစီကြူ သတ်မှတ်ချက်သည် အတည်ဖြစ်လျှက်ရှိသော ဒီစီကြူ၏ ၅၀% ထက်မနည်းရ။

(၅) ရောင်းချသူနှင့်ဝယ်ယူသူများသည် ပြုပြင်ထိန်းသိမ်းမှုစတင်မည့်နေ့ရက်မတိုင်မီ (၃) လ ကြိုတင်၍ ကျိုးကြောင်းဆီလျော်သော လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုကာလအတွက် အချိန်ညှိနှိုင်း သတ်မှတ် နိုင်သည်။

(၆)	ရောင်းချသူနှင့်ဝယ်ယူသူများသည် ပြုပြင်ထိန်းသိမ်းမှုကာလကိုက်ညီမှုရှိရန် ကျိုးကြောင်းဆီလျော်သည့် ကြိုးပမ်းအားထုတ်မှုပြုရမည်။

## ၄.၅ ခွင်းချက်ပြုထားသော အဓိကလုပ်ငန်းများ

ရောင်းချသူနှင့်ဝယ်ယူသူများသည် ဓာတ်ငွေ့ဖိသိပ်စက်များတပ်ဆင်ခြင်း၊ ကိရိယာပစ္စည်းအသစ်များ တပ်ဆင်ခြင်း၊ ပိုက်လိုင်းချိတ်ဆက်မှုလုပ်ငန်းအသစ်များကို တပ်ဆင်ခွင့်ရှိသည်။ ယင်းလုပ်ငန်းများ၏ ခန့်မှန်းခြေ စတင်မည့်ရက်နှင့် မျှော်မှန်းသောကာလတို့ကို လုပ်ငန်းများစတင်ခြင်းမပြုမီ (၃)လထက် မနည်းစေဘဲ (သို့မဟုတ် စာချုပ်ဝင် နှစ်ဦးအကြား အပြန်အလှန်သဘောတူသော ယင်းကာလထက်နည်းသောကာလ) တစ်ဖက်သို့ အကြောင်းကြားရမည်။ အကြောင်းကြားစာသည် ခွင်းချက်ပြုထားသော အဓိကလုပ်ငန်းများအားဆောင်ရွက်သော စာချုပ်ဝင်က တောင်းဆိုထားလျှင် မျှော်မှန်းထားသော လျှော့ချလိုသည့် ဒီစီကြူပမာဏကို သတ်မှတ်ရမည်။

သို့ဖြစ်၍ ဤသဘောတူညီချက်အရ ဝယ်ယူသူများသည် ခွင်းချက်ပြုထားသောအဓိကလုပ်ငန်းများအသီးသီး ပြုလုပ်ရန် အလားတူလိုက်လျောညီထွေသော အခွင့်အရေးရှိရမည်ဖြစ်ပြီး ထိုလုပ်ငန်းသည် အထက်တွင်ဖော်ပြ ထားသောခွင်းချက်ပြုထားသည့် အဓိကလုပ်ငန်းများနှင့် တစ်ထပ်တည်းဖြစ်ရမည်။

## ၄.၆ ရောင်းချသူတွင် တာဝန်မရှိခြင်း

ရောင်းချသူသည် မည်သည့်နေ့တွင်မဆို အောက်ပါဖြစ်ရပ်တစ်ခုခုကြောင့် ဓာတ်ငွေ့ပမာဏများလွှဲပြောင်းခြင်း ပျက်ကွက်မှုအတွက် ဝယ်ယူသူများအပေါ် တာဝန်မရှိစေရ။

(၁)	မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်ခြင်း၊

(၂)	ပြုပြင်ထိန်းသိမ်းခြင်း၊

(၃)	လုပ်ငန်းများပုံမှန်လုပ်ဆောင်နိုင်မှုစတင်စစ်ဆေးခြင်းကာလအတွင်း၊

(၄)	ဝယ်ယူသူများက ဓာတ်ငွေ့လက်ခံရန်ပျက်ကွက်ခြင်း သို့မဟုတ်

(၅)	ဤစာချုပ်အရ ကင်းလွတ်ခွင့်ပြုထားသော ဖြစ်စဉ်တစ်ရပ်ရပ်၊

## အပိုဒ်-၅ သတင်းအချက်အလက်ဖလှယ်ခြင်း

ရောင်းချသူနှင့်ဝယ်ယူသူများသည် ဤစာချုပ်အရ ယင်းတို့၏တာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် ကျိုးကြောင်းဆီလျော်စွာ လိုအပ်သောသတင်းအချက်အလက်အားလုံးကို အပြန်အလှန်ရရှိနိုင်ရန် စာချုပ်ဝင် တစ်ဦးစီ သည် အချိန်ပြည့်ပြုလုပ်ရမည်။ အထူးသဖြင့် (အထက်ဖော်ပြပါ ယေဘုယျသဘောကိုထိခိုက်ခြင်းမရှိစေဘဲ) လာမည့် နှစ်များအတွက် အနာဂတ်အစီအစဉ်များလုပ်ဆောင်ခြင်းနှင့် မျှော်လင့်ခြင်းများကိုညွှန်ပြသော ကြိုတင်ခန့်မှန်းရေးသားချက်များကို ဆွေးနွေးဖလှယ်ရန် နှစ်သစ်တစ်ခုစီမတိုင်မီ ခန့်မှန်းခြေ (၃)လအတွင်း အတူတကွတွေ့ဆုံရမည်။

## အပိုဒ်-၆ စာချုပ်ဓာတ်ငွေ့ဈေးနှုန်း

၆.၁ စာချုပ်ဓာတ်ငွေ့ဈေးနှုန်းသည် သုံးလလျှင်တစ်ကြိမ် ပြောင်းလဲမှုရှိနိုင်မည်ဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတ်မှတ်သည့် ဓာတ်ငွေ့ပေါက်ဈေးနှုန်း အတိုင်းဖြစ်သည်။

၆.၂ ငွေချေပေးခြင်းကို (၁) မီတာတိုင်းတာသည့်နေရာတွင် တိုင်းတာရရှိသည့် ဝယ်ယူသူကသုံးခဲ့သော ရောင်းချသည့် ဓာတ်ငွေ့ပမာဏနှင့် (၂)ရောင်းချသူမှ စတင်ပို့လွှတ်သည့် ဓာတ်ငွေ့ ထွက်ပေါက်နှင့် ဓာတ်ငွေ့တိုင်းတာသည့် မီတာတို့အကြား ပိုက်လိုင်းယိုစိမ့်မှုကြောင့် ဖြစ်ပေါ်လာမည့် ဓာတ်ငွေ့ ဆုံးရှုံးမှုပမာဏ (ရှိခဲ့လျှင်) (အမ်အမ်ဘီတီယူ သို့မဟုတ် စံကုဗပေ) တို့အပေါ် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနကသတ်မှတ်သည့် သဘာဝဓာတ်ငွေ့ဈေးနှုန်းအတိုင်း ပေးချေခြင်းပြုလုပ်ရမည် ဖြစ်သည်။ ပိုက်လိုင်းယိုစိမ့်မှုကြောင့် ဖြစ်ပေါ်လာမည့် ဓာတ်ငွေ့ဆုံးရှုံးမှုပမာဏကို နည်းပညာ အရတွက်ချက်ရရှိမှု သို့မဟုတ် ပို့လွှတ်မှုနှင့်လက်ခံရရှိမှု ပမာဏကွာ ခြားမှုတို့အပေါ် ညှိနှိုင်း၍ တရားမျှတစွာတောင်းဆိုမှုပြုရမည်။

## အပိုဒ်-၇ ကျသင့်ငွေတောင်းခံခြင်းငွေနှင့် ငွေပေးချေခြင်း

၇.၁ စာချုပ်အရ လွှဲပြောင်းပေးပို့ခြင်းများ စတင်သည့်လ၏ နောက်လမှစတင်၍ လစဉ်လဆန်း (၁၀) ရက်မတိုင်မီ သို့မဟုတ် (၁၀) ရက်နေ့တွင် ရောင်းချသူသည် ယခင်လအတွက် ဖော်ပြသော ကုန်ပို့လွှာနှင့် ဖော်ပြချက်တို့ကို ဝယ်သူသို့ ပေးရမည်-

(၁) လွှဲပြောင်းပေးပို့သောနေရာတွင် ဝယ်ယူသူက နေ့စဉ်ရယူသည့် မီတာတွင်တိုင်းတာရရှိသည့် စံကုဗပေ သို့မဟုတ် အမ်အမ်ဘီတီယူဖြင့် ဖော်ပြသော ရောင်းချသည့် ဓာတ်ငွေ့ပမာဏ၊

(၂) စံကုဗပေ သို့မဟုတ် စံကုဗပေတွင်ရှိသော ဘီတီယူဖြင့်ဖော်ပြသော လစဉ်လွှဲပြောင်း ပေးပို့သော ဓာတ်ငွေ့၏ နေ့စဉ်ပျမ်းမျှ စုစုပေါင်းအပူပမာဏတန်ဖိုး(ဂျီစီဗွီ)

(၃) ထိုလအတွက် အကျိုးသက်ရောက်သည့်သဘာဝဓာတ်ငွေ့ဈေးနှုန်း၊

(၄) ရောင်းချသူမှ စတင်ပို့လွှတ်သည့် ဓာတ်ငွေ့ထွက်ပေါက်နှင့် ဓာတ်ငွေ့တိုင်းတာသည့် မီတာတို့အကြား ပိုက်လိုင်းယိုစိမ့်မှုကြောင့် ဖြစ်ပေါ်လာမည့် ဓာတ်ငွေ့ဆုံးရှုံးမှုပမာဏ (ရှိခဲ့လျှင်)။

၇.၂ စာချုပ်နှစ်တစ်နှစ်၏ နောက်ဆက်တွဲလ၏ နောက်ဆုံးနေ့ သို့မဟုတ် ယင်းနေ့မတိုင်မီ ရောင်းချသူသည် ကုန်လွန်ခဲ့သည့် စာချုပ်နှစ်တွင် ပို့လွှတ်ခဲ့သည့်စုစုပေါင်းဓာတ်ငွေ့ပမာဏကို စံကုဗပေ၊ ဘီတီယူ သန်းပေါင်း၊ စာချုပ် တန်ဖိုးသို့မဟုတ် စာချုပ်အရ တန်ဖိုးသင့်ရှိသော တန်ဖိုးတို့ဖော်ပြပါရှိသော ညှိနှိုင်းကုန်ပို့လွှာအား ဝယ်ယူသူသို့ ပေးရမည် သို့မဟုတ် ပေးစေရမည်။

၇.၃ အပိုဒ် ၇.၁ နှင့်အညီ ရောင်းချသူကဖော်ပြသော ကုန်ပို့လွှာတွင်ပါရှိသည့် အသားတင်စုစုပေါင်းငွေ ပမာဏကို ငွေတောင်းခံလွှာပေးပို့သည့်နေ့ရက်မှ တစ်လအတွင်း ဝယ်ယူသူသည် ရောင်းချသူ သို့ ပေးရမည်။

၇.၄ ဝယ်ယူသူသည် နည်းလမ်းတကျအကြောင်းကြားသော ရောင်းချသူ၏ဘဏ်ငွေစာရင်း နံပါတ်သို့ ကြေးနန်း ဖြင့်၄င်း သို့မဟုတ် အခြားလုပ်ရိုးလုပ်စဉ် တစ်နည်းနည်းဖြင့်၄င်း ဖော်ပြပါအတိုင်း ထုတ်ပြန်သော ကုန်ပို့လွှာ တစ်ခုခုနှင့်အညီ ဝယ်ယူသူက ပေးချေရမည့် ငွေအားလုံးကို အမေရိကန်ဒေါ်လာ သို့မဟုတ် ရောင်းချသူမှ အခါအားလျော်စွာသတ်မှတ်သည့်ငွေကြေးစနစ်ဖြင့် ပေးရမည်။ ငွေပေးချေခြင်း တစ်ရပ်ရပ်သည် စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့ သို့မဟုတ် ဘဏ်ပိတ်ရက်များတွင် ကျရောက်ပါက နောက်တရားဝင် အလုပ်လုပ်သည့်နေ့တွင် ပေးချေရမည်။

၇.၅ ဝယ်ယူသူများက အပိုဒ် ၇.၃ တွင် ဖော်ပြထားသည့်အတိုင်း သတ်မှတ်သောနေ့တွင် ပေးရန်ငွေတစ်ရပ်ရပ်ကို ရောင်းချသူသို့ ပေးချေရန်ပျက်ကွက်လျှင်အတိုးသည် ယင်းငွေပေးချေရန် အချိန်စေ့ရောက်သည့်နေ့မှ ပေးချေရန် တန်ဖိုးအပြည့်အဝပေးချေပြီးသည့်နေ့အထိ တန်ဖိုးအပေါ် တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းဖြင့် တွက်ချက်ရရှိသော အတိုးကိုပေးချေရန်နှင့် အကယ်၍ ယင်းအတိုးကို ၃ လ ဆက်တိုက်ပေးရန် ပျက်ကွက်ပါက ယင်း ၃ လ စာအတိုးကို တိုးရင်းအဖြစ် သတ်မှတ်မည်။

၇.၆ ဤစာချုပ်အရ ပေးရန်ရှိသော ငွေပမာဏတစ်ရပ်ကို ဝယ်ယူသူများသည် ပေးချေရန် စေ့ရောက်သည့်နေ့ရက်မှ (၁) လကြာသည်အထိ ပေးရန်ပျက်ကွက်ပါက ရောင်းချသူသည် ဝယ်ယူသူများသို့ (၇)ရက် ကြိုတင် အကြောင်းကြားပြီး ဓာတ်ငွေ့ပို့လွှတ်မှုကို ရပ်ဆိုင်းနိုင်သည်။

## <u>အပိုဒ်-၈ တိုင်းတာခြင်းများ</u>

၈.၁ ဤစာချုပ်အရ ပေးပို့သောဓာတ်ငွေ့သည် အောက်ပါလုပ်ထုံးလုပ်နည်းများနှင့်အညီ စံကုဗပေ သို့မဟုတ် ဘီတီယူတို့ဖြင့် တိုင်းတာရမည်။

၈.၂ ရောင်းချသူသည် ပြင်ဆင်ထိန်းသိမ်းမှုကို ရပ်ဆိုင်းခြင်း သို့မဟုတ် အသုံးအဆောင်ပစ္စည်း အစိတ်အပိုင်း တစ်ခုခုကိုညှိခြင်းများသည် ဓာတ်ငွေ့ပေးပို့ခြင်းကို ထိခိုက်မှုမရှိစေရန် သေချာစွာ ကြိုးပမ်းအားထုတ်ရမည်။

၈.၃ တိုင်းတာသည့်ပစ္စည်းနှင့် စမ်းသပ်သည့်ပစ္စည်းများ၏ အစိတ်အပိုင်းတစ်ခုစီကို ပစ္စည်း ထုတ်လုပ်သူက သတ်မှတ်သောကန့်သတ်ချက်အတွင်း မှန်ကန်စွာဆောင်ရွက်နိုင်ရန် ညှိရမည်။ တိုင်းတာသည့် အသုံးအဆောင်ပစ္စည်း၏ တိုင်းတာမှု တိကျမှန်ကန်မှုကို ရောင်းချသူနှင့် ဝယ်ယူသူများတို့အကြား သံသယရှိပါက ပိုမိုတိကျ မှန်ကန်မည့်တိုင်းတာပစ္စည်းဖြင့် တိုင်းတာ ပို့လွှတ်နိုင်ရေး ဆောင်ရွက်ရမည်။ ကုန်ကျစရိတ်များအား ဝယ်ယူသူများ၏ အသုံးစရိတ်ဖြင့် ကျခံရမည်။ ရောင်းချသူမှ တိုင်းတာပို့လွှတ်သော ပမာဏကိုသာလျှင် ရောင်းချမှုအတွက် အတည်ပြုလက်ခံရယူရမည်။

၈.၄ စာချုပ်ဝင်များသည် ဤအပိုဒ် ၈ ပါ ပြဋ္ဌာန်းချက်များကို အသုံးပြုခြင်း သို့မဟုတ် ရောင်းချသော ဓာတ်ငွေ့ပေးပို့မှုကို တိုင်းတာခြင်းနှင့် ဆက်စပ်နိုင်သော အငြင်းပွားမှုတစ်ရပ်ရပ်ကို ဆွေးနွေးရန် တွေ့ဆုံပြီးကြိုးစား ဖြေရှင်းရမည်။

## အပိုဒ်-၉ ပေးပို့သည့်နေရာ၊ ပိုင်ဆိုင်မှုနှင့် စွန့်စားမှု

၉.၁ ဤစာချုပ်အရ ဓာတ်ငွေ့အား အပိုဒ် ၁.၁၈ တွင်ဖော်ပြထားသည့် ဓာတ်ငွေ့ထွက်ပေါက်နေရာတွင် ရောင်းချသူ က ဝယ်ယူသူများသို့ လွှဲပြောင်းပေးပို့ရမည်။

၉.၂ ရောင်းချသူက လွှဲပြောင်းသောဓာတ်ငွေ့၏ပိုင်ဆိုင်မှုနှင့်စွန့်စားမှုကို ဓာတ်ငွေ့ထွက်ပေါက်နေရာတွင် ဝယ်ယူသူများသို့ လွှဲပြောင်းပေးရမည်။

## အပိုဒ်-၁၀ ပျက်ကွက်မှု

ဤစာချုပ်တွင်အခြားနည်းဖော်ပြထားခြင်းမရှိလျှင် စာချုပ်ဝင်တစ်ဦးသည် ဤစာချုပ်အရ တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်မှု သို့မဟုတ် ချိုးဖောက်မှုပြုခဲ့လျှင် ယင်းပျက်ကွက်မှု သို့မဟုတ် ချိုးဖောက်မှု၏ တိုက်ရိုက်အကျိုး သက်ရောက်မှုအဖြစ် အခြားစာချုပ်ဝင်မှကျခံရသည့် အမှန်တကယ် ပျက်စီးဆုံးရှုံးမှုများအတွက် အခြားစာချုပ်ဝင်သို့ တာဝန်ရှိသည်။

## အပိုဒ်-၁၁ မလွန်ဆန်နိုင်သောဖြစ်ရပ်

၁၁.၁ မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် ဤစာချုပ်အရ စာချုပ်ဝင်တစ်ဦးဦးက ယင်း၏တာဝန်များကို အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ထမ်းဆောင်ရန် သို့မဟုတ် အခြားစာချုပ်ဝင်၏ ဆောင်ရွက်မှုကို လက်ခံရန် ယာယီအားဖြင့် မလုပ်ဆောင်နိုင်ပါက ထိခိုက်သောစာချုပ်ဝင်က အခြားစာချုပ်ဝင်သို့ ယင်းမလွန်ဆန်နိုင်သော ကိစ္စရပ်၏ အချက်အလက်အပြည့်အစုံ ရေးသား ပေးပို့ခြင်းပေါ်မူတည်၍ အကြောင်းကိစ္စပေါ်ပေါက်သည့်နေ့မှ ၁၄ ရက်အတွင်း စာဖြင့်ပြည့်စုံစွာ ရေးသား၍ အကြောင်းကြားစာပေးပို့ရန် သဘောတူသည်။ စာချုပ်ဝင် တစ်ဖက်က လက်ခံ အတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်မြောက်သည်။ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် ထိခိုက်သောစာချုပ်ဝင်၏တာဝန်ကို မဆောင်ရွက်နိုင်သည့်အခြေအနေ ဆက်လက်ဖြစ်နေသော အတောအတွင်း အခြားစာချုပ်ဝင်၏ သဘောတူညီချက်ဖြင့် ဆိုင်းငံ့ထားရမည်။ သို့သော် ကာလရှည်အတွက် မဖြစ်စေရ။ ယင်းအကြောင်းတရားကို သင့်လျော်သောဖြေရှင်းခြင်းနည်းဖြင့် အတတ်နိုင်ဆုံး ဖယ်ရှားရမည်။ မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် ဖြစ်ပေါ်သည့်ကြန့်ကြာမှု သို့မဟုတ် နစ်နာမှု သို့မဟုတ် ဆုံးရှုံးမှုအတွက် မည်သည့်စာချုပ်ဝင်မျှ တာဝန်မရှိစေရ။

၁၁.၂ မလွန်ဆန်နိုင်သောဖြစ်ရပ်ဆိုသည်မှာ ကန့်သတ်မရသော မမျှော်မှန်းနိုင်သော သဘာဝဘေး စသည့်ဖြစ်ရပ်များ၊ နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ အရေးယူမှုများ၊ သပိတ်မှောက်ခြင်းများ၊ လုပ်ငန်းယာယီ ပိတ်ခြင်းများ၊ ပြည်သူ့ရန်သူ၏လုပ်ဆောင်ချက်များ၊ စက်မှုလုပ်ငန်းနှင့်ဆိုင်သော နှောင့်ယှက်မှုများ၊ တရားဝင်ကြေညာသော (သို့မဟုတ်) မကြေညာ

သော စစ်မက်ဖြစ်ပွားခြင်း၊ ပိတ်ဆို့ခြင်းများ၊ ဆူပူသောင်းကျန်းမှု၊ ရုန်းရင်းဆန်ခတ်မှုများ၊ အကြမ်းဖက်မှု၊ ကူးစက်ရောဂါပြန့်ပွားမှု၊ မြေပြိုမှုများ၊ ပေါက်ကွဲမှု၊ မီးဘေး၊ ရေဘေး၊ လေပြင်းဘေး၊ မုန်တိုင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ပြည်တွင်းဆူပူမှုများ၊ စာချုပ်ဝင်တစ်ခုခုက မထိန်းချုပ်နိုင်သော စက်ယန္တရား သို့မဟုတ် ပိုက်လိုင်းများကျိုးပဲ့မှု သို့မဟုတ် မတော်တဆဖြစ်မှု၊ သိုလှောင်ကန်ပျက်စီးခြင်း၊ သဘာဝဓာတ်ငွေ့သိုမှီခိုအောင်းသည့် နေရာပျက်စီးခြင်း၊ သဘာဝဓာတ်ငွေ့သိုမှီခိုအောင်းမှု လျော့ကျခြင်း၊ သဘာဝဓာတ်ငွေ့တွင်းများ သို့မဟုတ် ပိုက်လိုင်းများ အေးခဲခြင်း၊ သဘာဝဓာတ်ငွေ့တွင်း တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ခုလုံးပျက်စီးခြင်း၊ ရောင်းချသူ သို့မဟုတ် ဝယ်သူ၏ အထောက်အပံ့ပစ္စည်းများ (သာမန် ယိုယွင်းပျက်စီးခြင်းကြောင့်မှတစ်ပါး) ပျက်စီးခြင်း သို့မဟုတ် လုပ်ငန်းမလည် ပတ်နိုင်ခြင်း၊ ရတနာစီမံကိန်း သို့မဟုတ် ဇောတိကစီမံကိန်း သို့မဟုတ် ကုန်းတွင်းသဘာဝဓာတ်ငွေ့မြေများမှ ဓာတ်ငွေ့မပို့နိုင်ခြင်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲခြင်းကြောင့် လိုအပ်သောပစ္စည်းများ သို့မဟုတ် အထောက်အပံ့များမရရှိနိုင်ခြင်းနှင့် စာချုပ်ဝင်တစ်ဦးဦးက မထိန်းချုပ်နိုင်သော၊ စာချုပ်ဝင်တစ်ဦးဦးက ဂရုတစိုက်နှင့် ကြိုးစားလုပ်ဆောင်သော်လည်း မတတ်နိုင်သည့် ဤတွင်ဖော်ပြထားသည်နှင့် အလားတူကိစ္စရပ်များကို ဆိုသည်။

## အပိုဒ်-၁၂ စာချုပ်သက်တမ်း

၁၂.၁ ဤစာချုပ်သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အာဏာတည် စေရမည်။

၁၂.၂ အကယ်၍ ဝယ်ယူသူများက သဘာဝဓာတ်ငွေ့အား ဆက်လက်ရယူသုံးစွဲလိုပါက စာချုပ်သက်တမ်း မကုန်မီ ၃လ ကြိုတင်၍ ရောင်းချသူထံသို့ စာဖြင့်အကြောင်းကြားညှိနှိုင်းပြီး စာချုပ်အသစ် ချုပ်ဆိုဆောင်ရွက်ရမည်။

## အပိုဒ်-၁၃ ရပ်စဲခြင်း

၁၃.၁ ဤစာချုပ်ကို အောက်ပါ ဖြစ်ရပ်တစ်ခုခုအနက် ဦးဆုံးဖြစ်ရပ် ဖြစ်ပေါ်သည့်နေ့တွင် ရပ်စဲနိုင်သည်-

(၁) အပြန်အလှန် သဘောတူညီချက်ဖြင့် စာဖြင့် ၂ လကြိုတင် အကြောင်းကြားခြင်း၊

(၂) သဘာဝဓာတ်ငွေ့ ခိုအောင်းမှုများအားလုံး ကျဆင်းသွားခြင်း၊

(၃) ပြည်တွင်းသဘာဝဓာတ်ငွေ့ဝယ်ယူခြင်းနှင့်ရောင်းချခြင်း
သဘောတူညီချက်စာချုပ်ရပ်စဲခြင်း၊
သို့မဟုတ်

(၄) စာချုပ်ဝင်တစ်ဦးဦးက အခြားစာချုပ်ဝင်တစ်ဦးဦးအား ဤစာချုပ်အရ ယင်း၏ တာဝန်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းအား အကြောင်းကြားသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ကုစားခြင်းမရှိသောအခါ၊

၁၃.၂ အထက်အပိုဒ် ၁၃.၁ ၏ အပိုဒ်ခွဲ (၄) အရ ရက်ပေါင်း ၃၀ အတွင်း ကုစားခြင်းမရှိသည့်အခါ ရောင်းချသူမှ ဒုတိယအကြိမ်ထပ်မံအကြောင်းကြားပြီး နောက်ထပ်ရက်ပေါင်း ၃၀ အတွင်း ကုစားခြင်းမရှိပါက ဤစာချုပ် သည် အလိုအလျောက်ရပ်စဲရမည်။

၁၃.၃ အပိုဒ် ၁၃.၁ နှင့် အပိုဒ် ၁၃.၂ ပါ အခြေအနေတစ်ရပ်ရပ်အရ ရပ်စဲခြင်းသည် ရပ်စဲသည့်အချိန်တွင် အခြားစာချုပ်ဝင်သို့ သင့်လျော်သော ငွေပေးရန်တာဝန်ကို စာချုပ်ဝင်တစ်ဦးဦးအား သက်သာခွင့် မပေးရ။ ဤစာချုပ် ရပ်စဲခြင်းမတိုင်မီ စာချုပ်ဝင်တစ်ဦးစီက ရရှိကျခံသင့်သော အခွင့်အရေးနှင့် တာဝန်များသည် ဆက်လက် အသက်ဝင်စေရမည်။

## အပိုဒ်-၁၄ လွှဲပြောင်းခြင်း

မည်သည့်စာချုပ်ဝင်မျှ အခြားစာချုပ်ဝင်၏ စာဖြင့်သဘောတူခြင်းမရှိဘဲ ဤစာချုပ်ကြောင့် ဖြစ်ပေါ်လာသော ယင်း၏အခွင့်အရေး သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လွှဲပြောင်းခွင့်မရှိစေရ။

## အပိုဒ်-၁၅ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း

၁၅.၁ ငြိမ်းချမ်းစွာဖြေရှင်းခြင်း

ရောင်းချသူနှင့်ဝယ်ယူသူများတို့သည် ဤစာချုပ်အရ လုပ်ငန်းများပြုလုပ်မှုကို ဆွေးနွေးရန် အခါအားလျော်စွာ တွေ့ဆုံရမည်။ ယင်းတွင်ဖြစ်ပေါ်သော ပြဿနာတစ်ရပ်ရပ်ကို ငြိမ်းချမ်းစွာဖြေရှင်းရန် ကြိုးပမ်းအားထုတ်ရမည်။

၁၅.၂ အနုညာတစီရင်ဆုံးဖြတ်ခြင်း

စာချုပ်ဝင်များအကြား အငြင်းပွားမှုတစ်ရပ်ရပ်သည် စာချုပ်ဝင်တစ်ဦးဦးက ယင်းအငြင်းပွားမှုကို အကြောင်း ကြားပြီးနောက် ရက်ပေါင်း(၃၀)ကာလ သို့မဟုတ် အငြင်းပွားမှုတွင်ပါဝင်သော စာချုပ်ဝင်များ အကြား သဘောတူထားသော တိုးချဲ့သတ်မှတ်ကာလအတွင်း ငြိမ်းချမ်းစွာမဖြေရှင်းနိုင်ပါက အငြင်းပွားမှု တွင်ပါဝင်သော စာချုပ်ဝင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖော်ပြပါခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ရန် လွှဲအပ်နိုင်သည်။

ငြိမ်းချမ်းစွာမဖြေရှင်းနိုင်သော အငြင်းပွားမှုကို ရောင်းချသူနှင့်ဝယ်ယူသူများတို့က နှစ်ဖက် သဘောတူခန့်အပ်သည့် ခုံသမာဓိ(၁)ဦးဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဖြေရှင်းရမည်။ ခုံသမာဓိ လူကြီး၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးနှင့် စာချုပ်ဝင်နှစ်ဦးစလုံးအပေါ် အကျိုးသက်ရောက်မှု ရှိစေရမည်။ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းအားလုံးသည် ၂၀၁၆ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေနှင့်အညီ ဖြစ်ရမည်။ အနုညာတစီရင်ဆုံးဖြတ်မည့်နေရာသည် ရန်ကုန်မြို့ဖြစ်ရမည်။ အမှုအတွက် ကုန်ကျစရိတ်ကို ရှုံးသောစာချုပ်ဝင်က ကျခံရမည်။

## အပိုဒ်-၁၆ ဆက်ခံသူများနှင့်တာဝန်များ

ဤစာချုပ်သည် စာချုပ်ဝင်များ၊ ယင်းတို့နှင့်သက်ဆိုင်သော ဆက်ခံသူများနှင့် လွှဲပြောင်းခြင်းခံရသူများ အပေါ် အကျိုးသက်ရောက်မှုရှိစေရမည်။

## အပိုဒ်-၁၇ အကြောင်းကြားစာများ

၁၇.၁ ဤစာချုပ်တွင် သတ်မှတ်သည်ဖြစ်စေ၊ မသတ်မှတ်သည်ဖြစ်စေ ဖော်ပြပါအတိုင်း လိုအပ်သော သို့မဟုတ် ခွင့်ပြုသော အကြောင်းကြားစာများ၊ ဆက်သွယ်ချက်များနှင့် ဖော်ပြချက်အားလုံး (နောင်တွင် အကြောင်းကြား စာများဟုခေါ်သည်) ကို စာဖြင့်ရေးသားရမည်။

(၁) အကြောင်းကြားစာများကို လက်ဖြင့်ပေးပြီး ပြေစာရရှိလျှင် အကြောင်းကြားစာကို လက်ခံမည့် စာချုပ် ဝင်၏လိပ်စာတွင် ပေးပို့ပြီးဖြစ်သည်။ သို့ရာတွင် ယင်းပေးပို့ခြင်းသည် သာမန်အလုပ်လုပ်ချိန်အတွင်း ဖြစ်ရမည်။ ယင်းအကြောင်းကြားစာများကို အထက်ဖော်ပြပါ အတိုင်း အမှန်ပေးပို့သောအခါ လိပ်စာရှင်က လက်ခံရရှိပြီးကြောင်း မှတ်ယူရမည်၊ သို့မဟုတ်

(၂) ဖက်စ်ဖြင့်ပေးပို့လျှင် (သို့မဟုတ် ရေးသားမှတ်သားသောသတင်းကို ပေးပို့နိုင်သော အခြားနည်းလမ်းဖြင့်) နောင်တွင်ပေးထားသော စာချုပ်ဝင်၏လိပ်စာတွင် အကြောင်းကြားစာကို ပေးပို့မည့် စာချုပ်ဝင်သို့ တိုက်ရိုက်ပေးပို့ရမည်။ အကြောင်းကြားစာများ ပေးပို့ခြင်းကို လိပ်စာရှင်များက ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(က) အလုပ်လုပ်ရက်၏ ပုံမှန်အလုပ်လုပ်ချိန်အတွင်း အကြောင်းကြားစာများကို အမှန်တကယ် ရရှိခြင်းမဟုတ်လျှင် လက်ခံခြင်းမပြုရ။

(ခ) တစ်ဆင့်ပေးပို့ခြင်းဖြစ်လျှင် နောက်အလုပ်လုပ်ရက်စတင်သောနေ့ သို့ရာတွင် ပြန်လည် ဖြေကြားချက်ကို လက်ခံရရှိရမည်။ သို့မဟုတ်

(၃) အကြောင်းကြားစာကို ပေးပို့ရမည့်စာချုပ်ဝင်သို့ စာတိုက်မှ မှတ်ပုံတင်၍ပေးပို့ရမည်။ အကြောင်းကြား စာများပေးပို့ခြင်းကို လက်မှတ်ထိုးသော ပြေစာပေးပို့ပြီးသောအခါ လိပ်စာရှင်များက လက်ခံရရှိပြီး ကြောင်း မှတ်ယူရမည်။

၁၇.၂ သက်ဆိုင်ရာ စာချုပ်ဝင်တစ်ဦးစီ၏ ဖော်ပြပါအကြောင်းကြားစာ ပေးပို့ခြင်းအတွက် လိပ်စာအတိုသည် အောက်ပါအတိုင်းဖြစ်ရမည်။

ရောင်းချသူအတွက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ရုံးအမှတ် ၄၄၊ နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တယ်လီဖုန်း၊ ၉၅ ၆၇ ၄၁၁၀၅၅ /၄၁၁၀၅၆
ဖက်(စ်)နံပါတ်၊ ၉၅ ၆၇ ၄၁၁၁၂၅

ဝယ်ယူသူအတွက်

New General Co., Ltd
ဘုရင့်နောင်လမ်း၊ ၁၅ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
တယ်လီဖုန်း၊ ၀၁- ၃၆၈၁၅၈၄၊ ၀၁ ၃၆၈၁၅၈၂
ဖက်(စ်)နံပါတ်၊ ၀၁- ၃၆၈၁၅၈၆

၁၇.၃ စာချုပ်ဝင်တစ်ဦးစီသည် အပြောင်းအလဲတစ်ရပ်ရပ်ကို အခြားစာချုပ်ဝင်သို့ စာဖြင့်ချက်ခြင်း အကြောင်းကြားရမည်။

## အပိုဒ်-၁၈ စွန့်လွှတ်ခြင်း

ဤစာချုပ်၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဆောင်ရွက်ရာတွင် အခြားစာချုပ်ဝင်တစ်ဦးဦး၏ ပျက်ကွက်မှု တစ်ရပ်ရပ် သို့မဟုတ် ပျက်ကွက်မှုများကို စာချုပ်ဝင်တစ်ဦးဦးမှ စွန့်လွှတ်ခြင်းသည် ဝိသေသ လက္ခဏာတူသည်ဖြစ်စေ မတူသည်ဖြစ်စေ နောက်ထပ်ပျက်ကွက်မှုကို စွန့်လွှတ်ခြင်းအဖြစ် မမှတ်ယူရ သို့မဟုတ် အဓိပ္ပာယ်မကောက်ယူရ။

## အပိုဒ်-၁၉ ပူးတွဲများ

နောက်ဆက်တွဲဇယားများသည် စာချုပ်၏တစ်စိတ်တစ်ဒေသဖြစ်စေရမည်။ ဤတွင် ပူးတွဲထား သောဇယား၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ဤစာချုပ်တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခဲ့လျှင် ဤစာချုပ်၏ ပြဋ္ဌာန်းချက်များက လွှမ်းမိုးရမည်။

## အပိုဒ်-၂၀ ပြီးပြည့်စုံသည့်သဘောတူညီချက်

ဤစာချုပ်မချုပ်ဆိုမီ စာချုပ်ဝင်များအကြား ဆွေးနွေးညှိနှိုင်းထားမှုများ၊ သဘောတူညီမှုများ မည်သို့ပင်ရှိစေ ကာမူ ဤစာချုပ်ပါ စည်းကမ်းချက်များ၊ စကားရပ်များနှင့် သဘောတူညီချက်များသည်သာ စာချုပ်ဝင်များအကြား ပြီးပြည့်စုံသည့်သဘောတူညီချက်ဖြစ်သည်။

## အပိုဒ်-၂၁ စာချုပ်ကိုပြင်ဆင်ခြင်း

ဤစာချုပ်ကို စာချုပ်ဝင်များက စာဖြင့်ရေးသားသည့် ပြင်ဆင်ချက်ဖြင့်သာ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း ပြုလုပ်နိုင်သည်။

## အပိုဒ်-၂၂ အထွေထွေ

၂၂-၁ ဝယ်ယူသူသည် ဓာတ်ငွေ့ဖြန့်ဖြူးသောနေရာတွင် မီးဘေးလုံခြုံစိတ်ချမှုရှိစေရန်အတွက် မီးဘေးကာကွယ် ရေးပစ္စည်းများ တပ်ဆင်ထားရမည်။

၂၂-၂ ဝယ်ယူသူ၏ သဘာဝဓာတ်ငွေ့သုံးစွဲမှုနှင့်ပတ်သက်၍ ရောင်းချသူသည် ဝယ်ယူသူ၏ စက်ရုံတွင်းသို့ အချိန်မရွေးဝင်ရောက် စစ်ဆေးခွင့်ရှိသည်။

၂၂-၃ ဝယ်ယူသူသည် သဘာဝဓာတ်ငွေ့သုံးစွဲမှုအား ဤစာချုပ်ပါလုပ်ငန်းအတွက်သာ သုံးစွဲရမည် ဖြစ်ပြီး ရောင်းချသူ၏ စာဖြင့်ခွင့်ပြုချက်မှအပ အခြားလုပ်ငန်းသို့ ပြောင်းလဲသုံးစွဲခြင်းမပြုရ။

၂၂-၄ ဝယ်ယူသူမှ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ ဤစာချုပ်အရပေးရန်ရှိသော သဘာဝ ဓာတ်ငွေ့ဖိုးငွေများကို ပေးသွင်းရန်ပျက်ကွက်ပါက New General Co., Ltd ၏ တာဝန် ပျက်ကွက်မှုများအပေါ် ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ကို သိရှိနားလည်ပါသည်။

စာချုပ်ဝင်အသီးသီးသည် အထက်ဖော်ပြပါ စည်းကမ်းချက်များကို ဖတ်ရှုနားလည် သဘောပေါက်ပါ၍ လွတ်လပ်သော သဘောဆန္ဒဖြင့် ဤစာချုပ်ကို သက်သေများ ရှေ့မှောက်တွင် ချုပ်ဆိုကြပါ သည်။

| ရောင်းချသူ | ဝယ်ယူသူများ |
|---|---|
| လက်မှတ်ရေးထိုးပေးပို့သည် | လက်မှတ်ရေးထိုးပေးပို့သည် |
| မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | New General Co., Ltd |
| ကိုယ်စား | ကိုယ်စား |
| ဦးမျိုးမြင့်ဦး | ဦးမြင့်အေး |
| (ဦးဆောင်ညွှန်ကြားရေးမှူး) | (အထွေထွေမန်နေဂျာ) |

အောက်ပါသက်သေများရှေ့မှောက်တွင်

ဦးစိုးမြင့်
ညွှန်ကြားရေးမှူး- ထုတ်လုပ်ရေး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ဒေါ်ခင်ယုမေ
(အင်ဂျင်နီယာ)
New General Co., Ltd

ပထမဇယား

လစဉ်ဖော်ပြချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ကမ်းလွန်/ ကုန်းတွင်းသဘာဝဓာတ်ငွေ့-လစဉ်ကုန်ပို့လွှာ

စက်ရုံမန်နေဂျာ　　　　　　　　　　　　　　ကုန်ပို့လွှာအမှတ်၊--------

-------- 　စက်ရုံ　　　　　　　　　　　　　　ရက်စွဲ၊------------------

| အချက်အလက် | အမျိုးအစား | အဆိုပြုသော ပမာဏ | | ရောင်းချသော ပမာဏ | | တစ်ခုချင်း ဈေးနှုန်း | ငွေပမာဏ အမေရိကန် ဒေါ်လာ |
|---|---|---|---|---|---|---|---|
| | | MMCF | MMBTU | MMCF | MMBTU | | |
| (၁) | ၂၀၁၉ ခုနှစ်၊ ______ လ အတွက် ________ စက်ရုံသို့ ကမ်းလွန်/ ကုန်းတွင်း သဘာဝဓာတ်ငွေ့ ရောင်းချခြင်း | | | | | | |
| (၂) | သယ်ဆောင်ခ | | | | | | |
| (၃) | တင်ပို့ခြင်း သို့မဟုတ် ငွေပေးခြင်း ပမာဏ | | | | | | |
| (၄) | ပြန်လည်ဖြည့်ဆည်းရမည့် ပမာဏ | | | | | | |
| | <u>ပူးတွဲ</u><br>(၁) ၂၀၁၉ ခုနှစ်၊ ______ လ အတွက် နေ့စဉ်ဓာတ်ငွေ့ရောင်းချခြင်း ဖော်ပြချက်<br>(၂) အမ်အိုဂျီအီးနှင့် ______ စက်ရုံတို့က လက်မှတ်ရေးထိုးထားသော သဘာဝဓာတ်ငွေ့ ဖြန့်ဖြူး/လက်ခံ အသုံးပြု လက်မှတ်များ<br>၂၀၁၉ ခုနှစ်၊ ______ လ ထက် နောက်မကျဘဲ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း A/c NO.MEB-Branch(3) OA-010180 သို့ ငွေလွှဲ ပို့ပေးပါ။ | | | | | | |
| | စုစုပေါင်း | | | | | | |

ငွေပေါင်း(စာဖြင့်)အမေရိကန်ဒေါ်လာ ----------------တိတိ

ငွေပေါင်း(စာဖြင့်) မြန်မာကျပ်ငွေ　　----------------တိတိ

မှတ်ချက် (၁)　ပြင်ဆင်သောအရေအတွက်ကိုနှစ်ကုန်တွင်ပြန်လည်ညှိနှိုင်းရမည်။

(၂)

ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)ကိုယ်စား

------- အမှုဆောင်အရာရှိ(ခ) ဘဏ္ဍာရေး

နိုင်ငံခြားနှင့်အထွေထွေ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

SECOND SCHEDULE

Sample (Private)

MINISTRY OF ELECTRICITY AND ENERGY

MYANMAR OIL AND GAS ENTERPRISE

## OFFSHORE/ ONSHORE NATURAL GAS- MONTHLY INVOICE

Fastory Manager

XXXXXX Factory

Invoice No. XXXXX / 2019

Date. XX. XX. 2019

| Item | Description | Quantity Norminate | | Quantity Supply | | Unite Price US$/ MMBTU | Amoun US$ |
|---|---|---|---|---|---|---|---|
| | | MMCF | MMBTU | MMCF | MMBTU | | |
| (1) | Being Sales of Offshore/ Onshore Natural Gas to XXXXXX Factory for the month of XXX 2019 | XXXX | XXXXX | XXXX | XXXXX | XXXXXXXX | XXXX |
| (2) | Tariff Fee | | | | | | |
| (3) | Ship-or-Pay | | | | | | |
| (4) | Make up | | | | | | |
| | Attachment<br>(1) Daily Gas Suupply Statement for the month of XXX 2019<br>(2) Natural Gas Issue / Receipt Certificates signed by MOGE and XXXX Factory.<br>Please remit payment to Myanma Oil and Gas Enterprise A/ c No. MEB-Branch (3) OA – 010180 not later than XXXX 2019 | | | | | | |
| | Total | | | | | | XXXX |

In sum of (Words) United State Doller- Xxxxxxxxxxxxxxxxxxx Only.

In sum of (Words) Myanmar Kyats- Xxxxxxxxxxxxxxxxxxx Only

Date. (1) Make up Quantity will be adjusted at the end of the year.

for Director (Finance)

XXXXXXX- Manager Finance

International And General

Myanma Oil and Gas Enterprise

တတိယဇယား - ၁

ရတနာ ကမ်းလွန်ဓာတ်ငွေ့ (Gas Composition)

| Sr No. | | Mole % |
|---|---|---|
| 1 | Methane: C 1 | 69.166 |
| 2 | Ethane: C 2 | 0.928 |
| 3 | Propane : C 3 | 0.172 |
| 4 | i- Butane: I C 4 | 0.018 |
| 5 | n- Butane: N C 4 | 0.029 |
| 6 | i- Pentane: I C 5 | 0.007 |
| 7 | n- Pentane: N C 5 | 0.004 |
| 8 | neo- Pentane : Neo C 5 | 0.002 |
| 9 | Hexane and heavier :C 6 | 0.021 |
| 10 | $CO_2$ | 4.107 |
| 11 | N2 | 25.543 |
| 12 | $H_2S$ | 0.001 |
| 13 | $H_2O$ | 0.002 |
| | Total | 100.00 |

တတိယဇယား-၂

<u>ဓောတိက ကမ်းလွန်ဓာတ်ငွေ့ (Gas Composition)</u>

| Sr No. | | Mole % |
|---|---|---|
| 1 | Methane: C 1 | 91.786 |
| 2 | Ethane: C 2 | 0.401 |
| 3 | Propane : C 3 | 0.111 |
| 4 | i- Butane: I C 4 | 0.035 |
| 5 | n- Butane: N C 4 | 0.021 |
| 6 | i- Pentane: I C 5 | 0.01 |
| 7 | n- Pentane: N C 5 | 0.007 |
| 8 | Hexane and heavier :C 6 | 0.031 |
| 9 | N2 | 7.357 |
| | Total | 100.00 |

## တတိယဇယား-၃

<u>ကုန်းတွင်းဓာတ်ငွေ့ (Gas Composition)</u>

| Sr No. | | Mole % |
|---|---|---|
| 1 | Methane: C 1 | 91.2 |
| 2 | Ethane: C 2 | 6.4 |
| 3 | Propane: C 3 | 1.12 |
| 4 | i- Butane: I C 4 | 0.57 |
| 5 | n- Butane: N C 4 | 0.29 |
| 6 | i- Pentane: I C 5 | 0.26 |
| 7 | n- Pentane: N C 5 | 0.16 |
| | Total | 100.00 |